SYNERGY
Publications

# နိုင်းနိုင်းစနေ

အင်္ကျီဆယ်ထည်သာလိုသည်နှင့်

မေမေနဲ့ သမီးရဲ့ကစားပွဲ



# ဤစာအုပ်

ရုရှားစာရေးဆရာကြီး လီယိုတော်စတွိုင်းက ပြောခဲ့တယ်။ 'လူက လှလို့ ချစ်စရာကောင်းတာ မဟုတ်ဘူး ၊ ချစ်စရာကောင်းလို့ လှတာပါ' တဲ့ ။ 'ပန်းတစ်ပွင့် ဒါမှ မဟုတ် လိပ်ပြာတစ်ကောင်ရဲ့ အပြင်ပန်းသဏ္ဌာန်ကို ကြည့်ပြီး သင်ဝေဖန်ပိုင်းခြားနိုင်ပါတယ်။ ဒါပေမဲ့ လူတစ်ယောက်ကိုတော့ သင်ဒီလို မဝေဖန်၊ မပိုင်းခြားပါနဲ့ ' လို့ အိန္ဒိယ ကဗျာဆရာ တဂိုးက ပြောခဲ့ ပါတယ်။

လူတစ်ယောက်ရဲ့ အလှအပ၊ ဒါမှ မဟုတ် လူတစ်ယောက်ရဲ့ အရည်အသွေးဆိုတာ အပြင်ပန်းက ကြည့်ရုံနဲ့ အဆုံးအဖြတ်ပေးလို့မရနိုင်ကြောင်း စုစည်းထားတာကို ဒီစာအုပ်မှာ တွေ့ရမှာ ဖြစ်ပါတယ်။

အကြားအာရုံချွတ်ယွင်းခဲ့ပေမယ့် မလျှော့တဲ့ ဇွဲ၊ လုံ့လကြောင့် ဂီတပညာရှင် Beethoven ဟာ သူ့ရဲ့ ဂီတကို ကမ္ဘာပေါ်မှာ အစွန့်ရှည်တည်တံ့စေ ခဲ့ပါတယ်။ စကားထစ်ပြီး ဝဲဘက်မျက်နှာ အကြောဆွဲနေတဲ့ အပြင် နား တစ်ဖက်က အကြားအာရုံ ချွတ်ယွင်းနေတဲ့ ကောင်လေးတစ်ယောက်ဟာ စကားထစ်တာကို ပျောက်ချင်လို့ ကျောက်ခဲတစ်လုံးငုံပြီး စကားပြော လေ့ကျင့်ခဲ့တယ်။ ပါးစပ်နဲ့ လျှာပွန်းပဲ့သွားတာကိုကြည့်ပြီး မိခင်ဆီက ကျခဲ့တဲ့ ကရုဏာမျက်ရည်ကို သုတ်ပေးရင်းနဲ့ ဒီလိုပြောလိုက်တယ်။ 'မေမေ လှပတဲ့ လိပ်ပြာတိုင်းဟာ သူ့ပိုးအိမ်ကို သူကိုယ်တိုင် ထိုး

ဖောက်ပြီးမှ ဖြစ်လာတာ အမေ၊ သားလည်း လုပတဲ့ လိပ်ပြာတစ်ကောင် လုပ်မယ် မေမေ'တဲ့ ။ အဲဒီကလေးဟာ နောင်အခါမှာ ပထမနှစ်ကြိမ် ဆက်တိုက်အရွေးခံခဲ့ရတဲ့ ကနေဒါနိုင်ငံရဲ့ ဝန်ကြီးချုပ် Jean Chretian ပဲ ဖြစ်ပါတယ်။

လေးနှစ်သားအရွယ် ကလေးတစ်ယောက်ဟာ မီးဖိုနားမှာ ဆော့ကစားနေရင်းက မီးဖိုပေါ်က ပွက်ပွက်ဆူနေတဲ့ ရေနွေးကို တိုက်မိပြီး လက်နှစ်ဖက်လုံး ရေနွေးပူလောင်လို့ လက်ဖဝါးနှစ်ဖက်လုံး ပျက်သွား ခဲ့တယ်။ စိတ်ဓာတ်ကျနေတဲ့ ကလေးကို မိခင်က ဝါးပုစဉ်းတစ်ကောင် ဝယ်ပေးခဲ့တယ်။ 'သား...ဒီမှာ ကြည့်စမ်း၊ ဒီဝါးပုစဉ်းရဲ့ တောင်ပံနှစ်ခုက သားရဲ့ လက်ဖဝါးနှစ် ဖက်လိုပဲ စောင်းနေတယ်။ ဒါတောင် သူပျံသန်းနိုင်သေးတာ တွေ့လား' လို့ ပြောလိုက်တယ်။ နောင်အခါမှာ ဒီကလေးဟာ ကမ္ဘာ့ပထမဆုံး ဟယ်လီကော်ပတာကို တီထွင်သူ ယူကရိန်းနိုင်ငံသား Sikorsky ဖြစ်ပါ တယ်။

သက်ရှိသတ္တဝါတွေနေကြတဲ့ သတ္တလောကကြီးနဲ့ သစ်ပင်၊ တောတောင်၊ ရေမြေ ၊ နေ၊ လ၊ နက္ခတ်စတဲ့ ဩကာသလောကကြီးထဲမှာ အလှတရားတွေဟာ တစ်ပုံတစ်ပင် ရှိနေလေရဲ့ ။ ကြည့်သောသူမြင်မယ်။ တစ်ဆင့်တက်ပြီး ကြည့်တတ်သောသူ ဖောက်ထွင်းမြင်မယ်။ အဲဒီလို နက်နက်ရှိုင်းရှိုင်း မြင်တတ်သူတွေကို ဒီစာအုပ်ထဲမှာ တွေ့နိုင်ပါတယ်။ မိမိ အနားမှာ ရော၊ အဝေးမှာ ပါ အလှအပတွေကို ရှာဖွေကြည့်ရှုပြီး လောကကို လှပအောင် ဖန်ဆင်းသွားသူတွေရဲ့ အကြောင်းတွေကို ဖတ်ရှုပြီးတော့ သင်ကိုယ်တိုင်လည်း အလှဖန်ဆင်းသူတစ်ယောက် ဖြစ်နိုင်တယ်ဆိုတာ အားတက်ဖွယ်ရာ တွေ့ရမှာ ဖြစ်ပါတယ်။

Synergy Publications

*

## နွေးထွေးကြင်နာတဲ့ ကော်ဖီတစ်ခွက်

ဂရင်း မောင်တိန် ကော်ဖီ (Green Mountain Coffee) ကို စတားဘာ့ဂ်(Starbucks) လောက် လူသိမများကြပါဘူး။ သူဟာ အရင် တုန်းကတော့ ကုမ္ပဏီသေးသေးတစ်ခုပေါ့။ အခုအချိန်မှာ တော့ အောင်မြင် တဲ့ လုပ်ငန်းတစ်ခုဖြစ်နေတာဟာ အဲဒီကုမ္ပဏီကို တည်ထောင်ခဲ့သူ ရောဘတ် စတဲလာ (Robert Stiller) က ကော်ဖီတစ်ခွက်တိုင်းကို တစ်ဒေါ်လာ တိုးယူခဲ့လို့ ဖြစ်တယ်။

ဒါ ဘယ်လိုဖြစ်ရတာပါလိမ့်...

တစ်ခါက ရောဘတ် စတဲလာဟာ တောင်အမေရိကတိုက်မှာ ရှိတဲ့ ကော်ဖီစိုက်ခင်းတွေဆီ သွားရောက်ကြည့်ရှုခဲ့တယ်။ အဲဒီက အလုပ်သမား တွေဟာ ဆင်းရဲပင်ပန်းလွန်းပြီး လုပ်အားခနည်းနည်းလေးပဲ ရတာကို သတိပြုမိခဲ့တယ်။ လူတိုင်းရဲ့ တစ်ရက်လုပ်အားခက ငါးဒေါ်လာတောင် မရှိပါဘူး။

ဘာကြောင့် ဒီလိုဖြစ်ရတာလဲဆိုပြီး မေးမြင်းအဖြေရှာကြည့်တော့ ကော်ဖီဝယ်ယူသူတွေက ကော်ဖီလိုအင်တွေများ ပြီး ဈေးကောင်းနေပါလျက်နဲ့ ကော်ဖီစိုက်သူတွေဆီကနေ ကော်ဖီတွေကို ဈေးနှိမ်ပြီး ဝယ်ယူကြ တယ်။ ကော်ဖီဈေးမကောင်းတော့ အလုပ်သမားတွေရတဲ့ လုပ်အားခက လည်း နည်းခဲ့ရတယ်။

'ရတဲ့ လုပ်အားခနည်းပေမယ့် ဗိုက်ပြောင်းလောင်းနဲ့ အိမ်မှာ နေနေ

တာထက်စာရင် ကောင်းပါတယ်'လို့ ဆင်းရဲတဲ့ အလုပ်သမားတွေက ပြောဆိုကြတယ်။

အကြောင်းစုံကို သိပြီးနောက် စတဲလာ တုန်လှုပ်သွားမိခဲ့တယ်။ သူဟာ လေးလေးနက်နက် စဉ်းစားတွေးတောပြီး ကော်ဖီဝယ်ယူသူတွေဟာ အလုပ်သမားတွေအပေါ် ဒီလိုခေါင်းပုံမဖြတ်သင့်ဘူး။ တခြားသူတွေ လုပ်နေရင်တောင် သူ့ကုမ္ပဏီ ဂရင်းမောင်တိန်က ဒီလိုမလုပ်သင့်ဘူးလို့ သူထင်ခဲ့တယ်။ ဒါကြောင့် သူဟာ လူတွေ အံ့သြလောက်တဲ့ ဆုံးဖြတ်ချက် တစ်ခုကို ချခဲ့ပါတယ်။

'အလုပ်သမားတွေကို လုပ်အားခတိုးပေးမယ်ဆိုရင် ကော်ဖီစိုက် သူတွေဆီကနေ နဂိုဈေးနှုန်းထက် သုံးဆပေးပြီး ကော်ဖီတွေကို ကျွန်တော် တို့ ဝယ်မယ်'

ကုမ္ပဏီတစ်ခုက အရင်းအနှီးများ ရင် လည်ပတ်ရခက်သွားပါ တယ် ။ ကုမ္ပဏီ ဆက်လက်လည်ပတ်ဖို့ ဂရင်းမောင်တိန်ကော်ဖီတွေ ဈေးတက်ရပါတော့မယ်။ ဒါကြောင့် သူတို့ က 'တောင်အမေရိကတိုက်က သနားစရာ ကော်ဖီစိုက်သူတွေကို ကူညီတဲ့ အနေနဲ့ ကျွန်တော်တို့ ရဲ့ ကော်ဖီဈေးတက်ရတာဖြစ်ပါတယ်။ ကော်ဖီတစ်ခွက်ကို တစ်ဒေါ်လာဈေးတက်ပါ တယ်'လို့ ကြေညာခဲ့တယ်။

ကော်ဖီရဲ့ အရည်အသွေးမပြောင်း၊ ခွက်အရွယ်အစားမပြောင်း ပေမယ့် ဈေးတက်သွားပါပြီ။ ပြောရရင်တော့ ဒီ ဂရင်းမောင်တိန်ကော်ဖီက တံခါးပိတ်ရမယ့်ကိန်းဆိုက်နေပါပြီ။ ကော်ဖီဆိုင်တွေက နေရာအနှံ့ရှိတာမို့ ဘယ်သူမှ ဈေးနှုန်းတစ်ဒေါ်လာတက်သွားတဲ့ ကော်ဖီကို ဝယ်သောက်ချင် ကြမှာ မဟုတ်ပါဘူး။ တကယ်တမ်းမှာ တော့ ဂရင်းမောင်တိန်ကော်ဖီဆိုင် ပိတ်မသွားခဲ့ပါဘူး။ ဝယ်ယူစားသောက်သူတွေကိုတော

င် ပိုဆွဲဆောင်နိုင်ခဲ့ ပါတယ်။

'ဂရင်းမောင်တိန်ကော်ဖီက တခြားကော်ဖီတွေနဲ့ မတူပါဘူး။သူဟာ 'နွေးထွေးကြင်နာမှု' ရှိပါတယ်'လို့ ဝယ်ယူသူတွေက ပြောခဲ့ကြပါ တယ်။

ဝယ်ယူသူတွေက ဒီလိုတွေးကြပါတယ်။ တကယ်လို့ ဂရင်းမောင်တိန် ကော်ဖီကို ငါတို့ မဝယ်ရင် မကြာခင်မှာ ပဲ သူတို့ ဆိုင်ပိတ်သွားရလိမ့်မယ်။ ဒီလိုဆိုရင် ကော်ဖီလုပ်သားတွေဟာ တိုးတက်ကောင်းမွန်တဲ့ ဘဝကို တည်ဆောက်ဖို့ အခွင့်အရေးဆုံးရှုံးသွားလိမ့်မယ်။

'ဈေးတက်သွားတဲ့ တစ်ဒေါ်လာကို ငါတို့ ပေးမယ်။ ဒါဟာ ကောင်းမှု တစ်ခုလုပ်နေတယ်လို့ ပဲ ငါတို့ ထင်မှတ်တယ်'

'ဂရင်းမောင်တိန်ကော်ဖီတစ်ခွက် သွားဝယ်ပါ။ ဒါဟာလည်း ကောင်းမှုတစ်ခုလုပ်နေတာပဲ'

တစ်ဒေါ်လာပိုပေးပြီး ဂရင်းမောင်တိန်ကော်ဖီသောက်သူတွေရဲ့ ရင်ထဲမှာ လည်း ငြိမ်းချမ်းခြင်းတွေ ရှိမှာ ပါ။ မိုင်ထောင်ပေါင်းများ စွာက ဆင်းရဲသားလုပ်သားတွေကို သူတို့ ကူညီခွင့်ရနေတယ်ဆိုပြီး စိတ်မသန့်တာတွေ ဖြစ်နေမှာ မဟုတ်ပါဘူး။

ဒီလိုကရုဏာမေတ္တာနဲ့ ပဲ ဂရင်းမောင်တိန်ကော်ဖီဟာ မယိုင်လဲဘဲ အောင်မြင်ခဲ့တာဖြစ်ပါတယ်။

**မူရင်းရေးသားသူ - Xú jìng cǎo**

*

## ရုပ်လွှာအပြင်အဆင်နဲ့ လုပ်နိုင်စွမ်း

၁၉၉၅ ခုနှစ် ဆောင်းရာသီ…တကယ်လို့ ကျွန်မ အလုပ်ရှာမရခဲ့ ရင် စိတ်ပျက်လက်ပျက်နဲ့ ပြည်တော်ပြန်ဖို့ က ကျွန်မအတွက် တစ်ခုတည်း သော ရွေးချယ်ရာလမ်းဖြစ်ခဲ့မှာ ပါ။

ကျွန်မ နောက်ထပ်တစ်ခါ ပယ်ချခံလိုက်ရပြန်ပါပြီ။ အင်တာဗျူး သူ ရဲ့ မျက်နှာအမူအရာကိုကြည့်ပြီး ကျွန်မ အရမ်းပေါက်ကွဲချင်ခဲ့မိတယ်။ ကျွန်မရဲ့ အပြင်အဆင် သွင်ပြင်က ကျွန်မရဲ့ ပညာအရည်အချင်းနဲ့ မအ ပ်စပ် ဘူးဆိုပြီး ကျွန်မကို သူ ဆက်ပြီး အင်တာဗျူးမလုပ်ခဲ့တော့ပါဘူး။ ကျွန်မရဲ့ အပြင်အဆင်ကို ကျွန်မ ခေါင်းငုံ့ပြီး ကြည့်လိုက်ပါတယ်။ ကျွန် မရဲ့ ဝတ်စား ဆင်ယင်မှုကြောင့် ဖြစ်တယ်ဆိုတာ သိသာသွားပါတယ်။ ကျွန်မကို သူ အထင်သေးသွားပါတယ်။ သူ့ရဲ့ အထင်သေးမှုကို ကျွန်မရဲ့ လုပ်နိုင်စွမ်းနဲ့ ချေဖျက်နိုင်တယ်လို့ ကျွန်မအာမခံရဲပါတယ်။ ဒါပေမဲ့ ကျွ န်မရဲ့ လုပ်နိုင်စွမ်းကို ပြသဖို့ ကျွန်မ အခွင့်အရေးမရခဲ့ပါဘူး။

ကျွန်မရဲ့ အိမ်ရှင် စလီနာ(Selena) က စည်းကမ်းကြီးပြီး ကြမ်းတမ်း ခက်ထန်တဲ့ လူလတ်ပိုင်းအရွယ်အမျိုးသမီးတစ်ဦးပါ။ ည ၁၂ နာရီမတို င်ခင် ကျွန်မအိပ်ရာဝင်ရမယ်လို့ သူ သတ်မှတ်ထားပါတယ်။ ၁၀ မိနစ်အ တွင်း ရေချိုးပြီးရမယ်။ အဝတ်အစားသပ်သပ်ရပ်ရပ် မဝတ်ထားရင် သူ့ ဧည့်ခန်းထဲ မဝင်ရ၊ သူ့ရဲ့ လှပတဲ့ မီးဖိုဆောင်မှာ ကျွန်မရဲ့ တရုတ်ဟင်း လျာမချက်ရ၊ သူ့ဧည့်သည် တွေ အိမ်ကိုအလည်လာရင် ကျွန်မ နှုတ်ခမ်း

နီဆိုးထားရမယ် ဆိုတဲ့ အထိ သူ သတ်မှတ်ထားပါတယ်။

စလီနာလို စည်းကမ်းကြီးတဲ့ အင်္ဂလိပ်အမျိုးသမီးကို ကျွန်မ အရမ်း မုန်းမိပါတယ်။ ဒါပေမဲ့ အိမ်ငှားတွေထဲမှာ တော့ စလီနာဟာ အကောင်း ဆုံး အိမ်ရှင်ဖြစ်တယ်လို့ လူတိုင်းက ပြောကြပါတယ်။

သူ ဘယ်နေရာမှာ ကောင်းမှန်း ကျွန်မ,မမြင်မိပါဘူး။ ပြောပြရရင် ကျွန်မ အင်တာဗျူးကျပြီး ပြန်လာတိုင်း မီးဖိုထဲမှာ စားစရာတစ်ခုမှ ကျ န် မနေတတ်ခဲ့ပါဘူး။ တကယ်လို့ အပေါ်ထပ်တက်ချိန် ခြေသံထွက်ရင် သူက အိပ်ခန်းတံခါးဝမှာ ရပ်ပြီး အသံကျယ်ကြီးနဲ့ ကျွန်မကို အပြစ်ဆို တတ်ခဲ့ပါတယ်။

ကျွန်မခေါင်းလျှော်ပြီးတာနဲ့ ခုတင်ပေါ်မှာ ထိုင်ပြီး တစ်ဖက်က သတ င်းစာကြည့်ရင်း တစ်ဖက်က အပြင်က ဝယ်လာတဲ့ ပေါင်မုန့်ကို စားနေခဲ့ ပါတယ်။ ဒါဟာ စလီနာရဲ့ စည်းကမ်းကို ချိုးဖောက်တာပဲဖြစ်ပါတယ်။ အိမ်ပေါ် ကို သူ တစ်ဟု န်ထိုးပြေးတက် လာပြီး ကျွန်မရဲ့ သတင်းစာနဲ့ ပေါင်မုန့်ကို လုယူ သွားပါတယ်။ ပြီးတော့ 'မင်းဟာ အဆင့်အတန်းမဲ့လို က်တဲ့ တရုတ်မပဲ။ ငါ့အိမ်ကနေ ထွက်သွားစမ်း'လို့ အင်္ဂလိပ်လို အော်ပြောပါတော့တယ်။

ဆံပင်ဖားလျားနဲ့ ညဝတ်အင်္ကျီပေါ် အနွေးထည်ထပ်ဝတ်ပြီး နေအိမ် ကနေ ကျွန်မပြေးထွက်လာခဲ့ပါတယ်။

ကျွန်မဟာ ကောင်းမွန်တဲ့ အောင်မှတ်၊ လှပတဲ့ လုပ်နိုင်စွမ်းနဲ့ ၂၅ နှ စ်လုံးလုံး အောင်လံတလူလူလွှင့်ခဲ့သူပါ။ ဘယ်သူကမှ ကျွန်မကို အဆင့် အတန်းမဲ့တယ်လို့ မပြောခဲ့ဖူးပါဘူး။

ကျွန်မတို့ မဆင်းရဲပါဘူး။ ဒါပေမဲ့ လုပ်နိုင်စွမ်း၊ အရည်အချင်းကမှ အရေးအကြီးဆုံးလို့ မေမေက ကျွန်မကို ၂၅ နှစ်လုံးလုံး ပြောခဲ့ပါတယ်။

ရုပ်ရည်ကိုကြည့်ပြီး လူရွေးချယ်တာဟာ ဒီနိုင်ငံမှာ တရားမျှတတဲ့ စကားလုံး ဖြစ်ခဲ့တာကို ကျွန်မနားမလည်ဖြစ်ခဲ့ရတယ်။ ဒါဟာ ကျွန်မရဲ့ ၂၅ နှစ်တာ လူ့ဘဝကို စော်ကားလိုက်တာပဲ ဖြစ်ပါတယ်။

ကျွန်မ စိတ်တိုတိုနဲ့ ကော်ဖီဆိုင်တစ်ဆိုင်ထဲ ပြေးဝင်လိုက်ပါ တယ်။ ရာသီဥတုကလည်း အေးလွန်းပြီး ကျွန်မလည်း အရမ်းဆာနေခဲ့ပါတယ်။

ကော်ဖီဆိုင်မှာ လူကျနေပါတယ်။ ဝန်ထမ်းတစ်ဦးက ကျွန်မကို ထူးဆန်းတဲ့ အကြည့်နဲ့ ကြည့်ပြီး နေရာလွတ်တစ်ခုဆီ လမ်းပြပါတယ်။ ဒါဟာ ဆိုင်ထဲမှာ တစ်ခုတည်းသော နေရာလွတ်ပါ။ ကျွန်မရဲ့ မျက်နှာချင်းဆိုင်မှာ အင်္ဂလိပ်မကြီးတစ်ဦး ထိုင်နေပါတယ်။ သူ့ကိုကြည့်ရတာ စလီနာထက်ပိုပြီး ဇီဇာကြောင်မယ့်ပုံပါပဲ။ သူဟာ အယ်လီဇဘက်ဘုရင်မလို မြင့်မြင့်ခန့်ညား စွာနဲ့ ထိုင်နေခဲ့ပါတယ်။ ညဝတ်အင်္ကျီဖားဖားအောက်က အားကစားဖိနပ်ကို ကျွန်မ အမှတ်တမဲ့ ရပ်လိုက်မိပါတယ်။ ပြီးတော့ သူ့စကပ်အောက်က အသားကပ်ခြေအိတ်နဲ့ လှပတဲ့ ဒေါက်ဖိနပ်ကို ကျွန်မ ကြည့်လိုက်မိပါတယ်။ ဒီလိုအသက်အရွယ်နဲ့ တောင် သူဟာ ဒီလိုဖိနပ်မျိုးကို လှလှပပဆွဲဆောင်မှုရှိ အောင် ဝတ်ထားနိုင်ပါသေးတယ်။

ဥရောပတိုင်းပြည်က အဆင့်မြင့် စားသောက်ဆိုင် တော်တော်များများ ဟာ အဝတ်အစားမသပ်ရပ်ရင် ဆိုင်ထဲပေးမဝင်ပါဘူး။ ဒီဆိုင်ထဲ ကျွန်မဝင်လာနိုင်တာဟာလည်း တန်ဖိုးမနည်းတဲ့ အနွေးထည်ကို ကျွန်မ ဝတ်ထားလို့ ပဲဖြစ်မယ်လို့ ကျွန်မထင်ပါတယ်။ ဒေါသကို ခဏတာ ကျွန်မ ရပ်သိမ်းပြီး 'ကော်ဖီတစ်ခွက်ပေးပါ။ ကျေးဇူးတင်ပါတယ်' လို့ ပြောလိုက် ပါတယ်။

ဆိုင်ဝန်ထမ်း ထွက်သွားပါတယ်။ မျက်နှာချင်းဆိုင်က အမျိုးသမီး

ကျွန်မကို ကြည့်မနေပါဘူး။ ဒါပေမဲ့ သူက စာရွက်တစ်ရွက်နဲ့ စာတစ်ကြောင်း ရေးပြီး ကျွန်မကို ကမ်းပေးပါတယ်။ စာရွက်ပေါ်မှာ လက်ရေး အင်မတန်လှတဲ့ အင်္ဂလိပ်စာလုံးနဲ့ ဒီလိုရေးထားပါတယ်။

'မင်းရဲ့ ဘယ်ဘက်နောက်ကျောထောင့်ကွေ့မှာ သန့်စင်ခန်းရှိတယ်'

သူ့ကို ကျွန်မ ခေါင်းမော့ကြည့်လိုက်တယ်။ သူက ကြော့ရှင်းသိမ်မွေ့တဲ့ ဟန်ပန်နဲ့ ကော်ဖီသောက်နေခဲ့ပါတယ်။ ကျွန်မဘက်ကို တစ်ချက်တောင် လှည့်မကြည့်ပါဘူး။ မကျေနပ်မှုကို ဘယ်လိုစကားလုံးနဲ့ ကျွန်မ ဖော်ပြရမှန်း မသိခဲ့ပါဘူး။ လေးစားမှုမခံရတာဟာ ဖြစ်သင့်ပါတယ်လေလို့ ပထမဆုံး အကြိမ် ကျွန်မခံစားလိုက်မိပါတယ်။

လေတိုက်ခံထားရတဲ့ ကျွန်မရဲ့ ဆံပင်တွေ ရှုပ်ပွနေပါတယ်။ ကျွန်မရဲ့ နှာခေါင်းဘေးမှာ လည်း ပေါင်မုန့်အကြွင်းအကျန်တချို့ ကပ်နေပါသေးတယ်။ ကျွန်မရဲ့ အနွေးထည်က တန်ဖိုးမနည်းဘူးဆိုပေမယ့် ကျွန်မရဲ့ ညဝတ်အင်္ကျီက ဟောင်းအိုနေခဲ့ပါပြီ။ ကျွန်မကိုယ်ကျွန်မ ပထမဆုံး အကြိမ် ကြည့်မရဖြစ်ခဲ့ပါတယ်။ ဒီလိုအပြင်အဆင်က ကျွန်မကိုယ်ကျွန်မ ဘယ်လောက် မလေးစားသလဲ၊ ပြီးတော့ တခြားသူကိုလည်း မလေးစားရာ ရောက်နေခဲ့ပါတယ်။ နေ့လယ်က အင်တာဗျူးသွားချိန် ကျွန်မရဲ့ ဖြစ်သလို ပြင်ဆင်ခဲ့မှုကို ကျွန်မ သတိရလာခဲ့မိပါတယ်။ ဒါဟာလည်း အဆင့်မြင့်ရာထူး မန်နေဂျာတစ်ဦးကို ကျွန်မ မလေးစားရာရောက်ခဲ့တာပဲ မဟုတ်လား။

ထိုင်ခုံနေရာဆီ ကျွန်မ ပြန်ရောက်ချိန် အဲဒီအမျိုးသမီးမရှိတော့ ပါဘူး။ နူးညံ့ပျော့ပျောင်းတဲ့ စားပွဲခင်းပေါ်က စာရွက်ပေါ်မှာ လှပတဲ့ လက်ရေးနဲ့ အင်္ဂလိပ်စာကြောင်းတစ်ကြောင်း ထပ်ရေးထားတာကို တွေ့လိုက်ပါတယ်။

'မိန်းကလေးတစ်ဦးဖြစ်ပြီး မင်း ကြော့ရှင်းရည်မွန် ယဉ်ကျေး သိမ်မွေ့ရတယ်။ ဒါဟာ မိန်းမတို့ ရဲ့ ဂုဏ်သိက္ခာဖြစ်တယ်'

ကော်ဖီဆိုင်ထဲကနေ ကျွန်မ အပြေးတစ်ပိုင်းထွက်လာခဲ့တယ်။ စလီနာက ဧည့်ခန်းမှာ ထိုင်ပြီး ကျွန်မကို စောင့်နေပါတယ်။ ကျွန်မကို တွေ့တာနဲ့ သူက ကျွန်မ အချိန်ကျော်ပြီး ၁၂ နာရီ ၁၀ မိနစ်မှ အိမ်ပြန်ခဲ့တဲ့ အတွက် မနက်ဖြန်မှာ သူ့ကို ကျွန်မမြင်ရိတ်ကူရမယ်ဆိုတဲ့ အကြောင်းပြောပါ တယ်။ သူ့အပြောကို ကျွန်မလက်ခံပြီး သူ့ကို တောင်းပန်လိုက်ပါတယ်။

စလီနာက ကျွန်မကို အသုံးဝင်တဲ့ အရာတွေ အများကြီးသင်ပေးခဲ့တယ်ဆိုတာကို ကျွန်မသတိပြုလိုက်မိပါတယ်။ ၁၂ နာရီမထိုးခင် အိပ်ရာဝင် တာဟာ နောက်တစ်နေ့မှာ ကျွန်မကို အင်အားပြည့်ဖြိုးစေပါတယ်။

သေသပ်တဲ့ ဝတ်စားဆင်ယင်မှုက ကျွန်မကို လူလေးစားမှုခံစေ ပါတယ်။

ဒေါက်ဖိနပ်စီး၊ နှုတ်ခမ်းနီဆိုးတာဟာ လူကြီးလူကောင်းဆန်သူတွေရဲ့ အကူအညီကို ရစေပါတယ်။

မိမိကိုယ်ကို ယုံကြည်စိတ်တွေ ပြည့်ဝလာတယ်လို့ ကျွန်မ စပြီး ခံစားမိပါတယ်။ ကျွန်မ အရည်အချင်း ရှိမရှိ၊ လုပ်နိုင်စွမ်း ရှိမရှိကို ကျွန်မရဲ့ ကိုယ်ရေးမှတ်တမ်းကြည့်ပြီး ဆုံးဖြတ်တာမျိုး ကျွန်မ ထပ်မလိုလားခဲ့တော့ပါဘူး။

နောက်ဆုံးတစ်ကြိမ် ကျွန်မ အင်တာဗျူးသွားခဲ့တာက နာမည် ကြီးတံဆိပ် အလှကုန်ဖြန့်ချိရေးကုမ္ပဏီတစ်ခု ဖြစ်ပါတယ်။ ကျွန်မရဲ့ ကြော့ရှင်းသပ်ရပ်တဲ့ ဝတ်စားဆင်ယင်မှုက ကျွန်မကို အမှတ်တိုးစေခဲ့ပါ တယ်

။ အဲဒီကုမ္ပဏီက အရာရှိအမျိုးသမီးက ကျွန်မကို 'မင်း အရမ်းထူးချွန် ထက်မြင်တယ်... ငါတို့ ကုမ္ပဏီက မင်းကိုကြိုဆိုပါတယ်'လို့ ပြောခဲ့ပါ တယ်။

အဲဒီအမျိုးသမီးက ကျွန်မ ကော်ဖီဆိုင်မှာ တွေ့ခဲ့တဲ့ အမျိုးသမီး ဖြစ်မယ်မှန်း ကျွန်မ လုံးဝတွေးထင်မထားခဲ့မိပါဘူး။ သူက အလှကုန် ဖြန့်ချိရေးမှာ ဘုရင်တစ်ဆူအဖြစ် နာမည်ကြီးသူဖြစ်ပါတယ်။

'ကျွန်မ အရမ်းကျေးဇူးတင်ပါတယ်... မိန်းကလေးတစ်ဦးဖြစ်ပြီး ကြော့ရှင်းရည်မွန် ယဉ်ကျေးသိမ်မွေ့ရတယ်ဆိုတဲ့ စကားတစ်ခွန်းအတွက် ကျွန်မအရမ်းကျေးဇူးတင်ပါတယ်'

ကျွန်မကို သူမှတ်မိပုံမရခဲ့ပေမယ့် သူ့ကို ကျေးဇူးတင်ကြောင်း ကျွန်မပြောခဲ့ပါတယ်။

ဟုတ်ပါတယ်...သင်ကိုယ်တိုင်တောင် မလေးစားချင်တဲ့ အပြင် အဆင်နဲ့ သင့်ရဲ့ အတွင်းစိတ် ထူးချွန်ထက်မြင်မှုကို မြင်ဖို့ ရာ ဘယ်သူကမှ တာဝန်ယူမှာ မဟုတ်ပါဘူး။ သင်ကိုယ်တိုင်ပဲ တာဝန်ယူရပါတယ်။

'မိန်းကလေးတစ်ဦးဖြစ်ပြီး ကြော့ရှင်းရည်မွန် ယဉ်ကျေးသိမ်မွေ့ ရတယ်။ ဒါဟာ မိန်းမတို့ ရဲ့ ဂုဏ်သိက္ခာဖြစ်တယ်' ဆိုတဲ့ စကားကို ကျွန်မ အမှတ်ရနေခဲ့ပါတော့တယ်။

မူရင်းရေးသားသူ - Yang Lan

*